## မြန်မာပြန်သူ၏ အမှာ

ကျောင်းသားတုန်းက ဆီမွန်ဒီဗူးဗွား၏ ဝတ္ထုတိုကလေးများကို နည်းနည်းပါးပါး ဖတ်ခဲ့ဖူးသည်၊ ဝတ္ထုတိုဆိုသော်လည်း သိပ်တော့မတိုလှ၊ ဝတ္ထုလတ်ဟု ခေါ်ရမည်ထင်သည်။ တစ်ပုဒ်က "အဖျက်ဆီးခံရသည့် မိန်းမ" ဆိုသည့်ဝတ္ထု။ နေ့စဉ်မှတ်တမ်းပုံစံဖြင့် ရေးသားထားသဖြင့် ဖတ်ရလွယ်သည်၊ အရေးအသားက ဆန်းသစ်သည်၊ အတွေးအခေါ်ကလည်း ထူးခြားသည်။

ဒီဗူးဗွားသည် မိန်းမတို့၏အတွင်းစိတ်ကို ရေးရာတွင် တော်တော်အသေးစိတ်သည်၊ ဖတ်တုန်းက အမှတ်မဲ့ ဖတ်လိုက်မိသော်လည်း ဖတ်ရင်း သူ့ဝတ္ထုကို စွဲသွားသည်။ ထိုအထဲမှာပင် ဝတ္ထုလတ်သုံးပုဒ်ပါသဖြင့် ဆက်တိုက်ဖတ်ဖြစ်သွားသည်။ နောက်တစ်ပုဒ်မှာ "ရင့်မှည့်ချိန်" ဆိုသည် ဝတ္ထုဖြစ်ပြီး နောက်တစ်ပုဒ်မှာ "တစ်ကိုယ်တော်စကားပြောခန်း" ဆိုသည့် ဝတ္ထု ဖြစ်သည်။

"ဖျက်ဆီးခံရသော မိန်းမ" မှာ ချစ်သူခင်သူတို့က လျစ်လျူပြုခံထားရသော မိန်းမတစ်ယောက်အကြောင်းဖြစ်ပြီး "ရင့်မှည့်ချိန်" မှာ ဇရာဘက်သို့ ချဉ်းလာသော မိန်းမတစ်ယောက်၏ ခံစားချက်ကို ရေးဖွဲ့ထားခြင်းဖြစ်သည်၊ "တစ်ကိုယ်တော် စကားပြောခန်း" မှာလည်း အထီးကျန်နိုင်လှသော မိန်းမတစ်ယောက်၏ဘဝကို ရေးခြယ်ပြထားခြင်းဖြစ်သည်။

ဝတ္ထုသုံးပုဒ်စလုံးမှာ မိန်းမတို့၏စရိုက်ကို အသေးစိတ်ဖွဲ့ထားသည်။

ကျွန်တော်သည် ဒီဗူးဗွား၏ ဝတ္ထုလတ်သုံးပုဒ်ကို စွဲလမ်းသွားပြီးနောက် သူ့စာအုပ်များကို စွဲစွဲမြဲမြဲ ဖတ်ဖြစ်သွားသည်။ "အတူနေရန် သူမလာသည်" ဆိုသည့် ဝတ္ထုထဲက သူ့ချစ်သူကို လုယူသွားသော ဇေဗီယေးကို လက်စားချေသည့် ဖရန်ဆွာ၏အချစ်ဆိုင်သည် အန့်အသက်ကို ရှူလိုက်ရရုံဖြင့် မူးမေ့သွားလောက်အောင် ပြင်းထန်သည်။

ဖရန်ဆွာသည် သူ့ချစ်သူကို လုယူသွားသော ဇေဗီယေးကို ကလဲ့စား ချေသွားခဲ့သည်။ ထိုဝတ္ထုမှာ သူနှင့် ဒဿနဆရာ ယန်းပေါလ်ဆာ့တ်တို့နှစ်ယောက်၏ ဆက်ဆံရေးကို ကမောက်ကမဖြစ်သွားအောင် လုပ်ခဲ့သည့် မိန်းမတစ်ယောက်ကို ကလဲ့စားချေသည့်အနေဖြင့် ရေးခြင်းဖြစ်သည်ဟု ဝေဖန်ရေးဆရာတို့က ဆိုကြသည်။

"မန်ဒရင်း" မှာ စစ်ပြီးခေတ် ပါရီရှိစာပေ၊ နိုင်ငံရေးနှင့် ပညာတတ်အသိုင်းအဝိုင်းကို နောက်ခံပြုရေးထားသည်။ ဝတ္ထုရေးရာတွင် ဤဝတ္ထုထဲမှ ဇာတ်ကောင်များသည် မည်သူ့ကိုမျှ ရည်ရွယ်ရေးသားခြင်း မဟုတ်ပါဆိုခြင်းသည် တူညီချက်တစ်စုံတစ်ရာကို ရည်ရွယ်မှန်း သိသာနေသည်။ ဇာတ်ဆောင်နှစ်ဦးမှာ ထိုစဉ်က သက်ရှိထင်ရှားရှိသော ပုဂ္ဂိုလ်နှစ်ဦးကို ရည်ရွယ်ရေးထားခြင်းဖြစ်သည်ဟု ပါရီစာပေအသိုင်းအဝိုင်းက ဆိုကြသည်။

သူ၏ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိကျမ်းများကား ဖတ်၍ အကောင်းဆုံးပင်။ ယင်းတို့မှာ "တာဝန်ကျေသော သမီးတစ်ယောက်၏မှတ်တမ်း"၊ "ဘဝစန်းပွင့်ချိန်" နှင့် ပတ်ဝန်းကျင်၏တွန်းအား" ဆိုသည့် စာအုပ်များဖြစ်သည်။

ဒီဗူးဗွားသည် ၁၉၀၈ ခုနှစ်တွင် ပါရီ၌ မွေးဖွားခဲ့သည်။ (သူမွေးသည့် နေရာမှာ ပါရီမြို့အနုပညာရပ်ကွက်ရှိ အနုပညာရှင်တို့ စုဝေးရာ "ရိုးတွန်းကဖေး" အပေါ်ထပ် အခန်းတစ်ခန်းတွင်ဖြစ်သည်။) သူ့အဖေက အယူသည်းသည့် ဂရင်ဂျီဘာသာဝင် ရှေ့နေတစ်ဦးဖြစ်သည်။

ထို့နောက် နာမည်ကျော် ဆော်ဘွန်းတက္ကသိုလ်သို့ တက်ရောက်ပြီး ထူးဆန်းသည့် ဘာသာတွဲနှစ်ခုကို ယူခဲ့သည်။ ယင်းမှာ အနုပညာစာပေ

နှင့် သချာဖြစ်သည်။ သို့ရာတွင် ၁၉၂၉ ခုနှစ် ဘွဲ့ရသည့်အခါတွင် ဒဿနိကဗေဒဖြင့် ဘွဲ့ရခဲ့သည်။ ထိုစဉ်က ဒဿနဆရာ ယန်းပေါလ်ဆာ့တ်က ပထမရပြီး သူက ဒုတိယရခဲ့သည်။

သူတို့နှစ်ယောက်သည် နောင်တွင် ခိုင်မြဲသည့်မိတ်ဆွေများ ဖြစ်လာခဲ့ကြသည်။ ဒုတိယကမ္ဘာစစ် ပြီးသည့်အခါတွင် သူတို့နှစ်ဦးသည် ဒဿနလှုပ်ရှားမှုတစ်ခုဖြစ်သော ဖြစ်တည်မှု ပဓာနဝါဒကို ဦးဆောင်ခဲ့သူများအဖြစ် ထင်ရှားလာခဲ့ကြသည်။

ယခု ဒီဗူးဗွားရေးသည့် "ဒုတိယအမျိုးအစား" ဆိုသော စာအုပ်ကိုကား တော်တော်နောက်ကျမှ ဖတ်ရခြင်းဖြစ်သည်။ မိန်းမတွေအကြောင်းကို ရေးထားသဖြင့် သာမန်မိန်းမစိတ် ကျမ်းတစ်စောင်ဖြစ်မှာပဲဟု ထင်လိုက်သည်။ ကြိုးစား၍ ဖတ်ကြည့်လိုက်သည့်အခါ ဒီဗူးဗွား၏ အရေးအသားက ကျွန်တော့်ကို ဆွဲခေါ်သွားသည်။

မိန်းမများ၏ အတွင်းစိတ်ကို ရေးရာတွင် ထိုမျှအတွင်းကျသော စာအုပ်မျိုးကို ကျွန်တော် တစ်ခါမျှ မဖတ်ဖူးသေး။ သူ့စာအုပ်သည် မိန်းမတို့၏ လျှို့ဝှက်ချက်မှန်သမျှကို ဖွင့်ပြသွားသကဲ့သို့ ရှိသည်၊ အိမ်တွင် အစ်ကိုများ၊ မောင်များ၏ အနိုင်ခံရသော မိန်းကလေး၊ စိတ်ကူးတိမ်တိုက်တွေကို စီးကာ အိပ်မက်တိုင်းပြည်သို့ သွားနေသော အပျိုဖော်ဝင်စ၊ လောကအကြောင်းကို အနည်းနှင့်အများ နားလည်စပြုလာသော အပျိုစင်၊ အချစ်ဖြင့် ရှုန်းလုံးဝင်းပနေသောချစ်သူ၊ လွတ်လွတ်လပ်လပ် နေချင်နေသော မိန်းမ၊ ယောကျ်ားလျာ၊ ပြည့်တန်ဆာမ၊ အိမ်ထောင်ရှင်၊ မြေးတို့၏အဘွားစသည်ဖြင့် မွေးလာသည်မှ သေသည်အထိ၊ နုနယ်ပျိုမျစ်ရွယ်မှ ဆံဖြူသွားကြွေရွယ်အထိ မိန်းမတို့၏အတွင်းစိတ်ကို စေ့စပ်စွာ ရေးပြသွားသည်။

ယခုဆောင်းပါးများမှာ "မြားနတ်မောင်" မဂ္ဂဇင်းတွင် လစဉ်ဖော်ပြခဲ့သော ဆောင်းပါးများဖြစ်သည်၊ ဆောင်းပါးများကို လစဉ်ဖော်ပြပေးခဲ့သည့် မြားနတ်မောင်မဂ္ဂဇင်းကို ကျေးဇူးတင်ကြောင်း ဖော်ပြပါသည်။

မြသန်းတင့်

## မာတိကာ


| | | |
|---|---|---|
| ၁။ | မိန်းမနဲ့ အချစ် | ၁ |
| ၂။ | နွမ်းလျှတွေးတော ငေးမောနေသော လုံမလေး | ၉ |
| ၃။ | မိန်းကလေးငယ်ငယ် | ၁၈ |
| ၄။ | အပျိုပေါက်နှင့် နာစစ်ဆပ်ဝါဒ | ၂၇ |
| ၅။ | အိပ်မက်ထဲက ချစ်သူ | ၃၆ |
| ၆။ | မိန်းမဣန္ဒြေ | ၄၃ |
| ၇။ | အပျိုသင်စ | ၅၂ |
| ၈။ | မိန်းကလေးနှင့် ပန်းပွင့်ဖိုးတိုင် | ၆၁ |
| ၉။ | မိန်းကလေးနှင့် သူ့သူငယ်ချင်း | ၇၀ |
| ၁၀။ | မောင်တစ်ကျိပ်ပင် ရှိလင့်ကစား | ၇၄ |
| ၁၁။ | မိဘတို့ ဝစ္စာရှားရှိသည်နှင့်အညီ | ၈၁ |
| ၁၂။ | အိမ်ထောင်ရှင် ဖြစ်ချင်ပေမဲ့ | ၈၉ |
| ၁၃။ | ကြင်စဦး | ၉၆ |
| ၁၄။ | လက်ထပ်ခြင်း...အချစ်အတွက်လား၊ လုံခြုံမှုအတွက်လား | ၁၀၁ |
| ၁၅။ | မိန်းမနှင့် အိမ် | ၁၀၉ |
| ၁၆။ | ချက်ပြုတ်ခြင်းသည် ကဗျာ | ၁၁၅ |
| ၁၇။ | ညစာစားပွဲထိပ်က သဘာပတိ | ၁၂၃ |
| ၁၈။ | လျှာနှင့်သွား | ၁၃၂ |
| ၁၉။ | ယောက်ျားကို ကြိုးကိုင်တဲ့မိန်းမ | ၁၃၉ |
| ၂၀။ | စံပြအိမ်ထောင်ရေး | ၁၄၆ |
| ၂၁။ | မိန်းမတို့ဘက်မှ ရှေ့နေလိုက်ခြင်း | ၁၅၄ |
| ၂၂။ | မိန်းမတစ်ယောက်ရဲ့ ပထမ အနှစ်နှစ်ဆယ် | ၁၆၁ |
| ၂၃။ | မိန်းမဟာ . . . စကရီလား၊ ကျေးကျွန်လား | ၁၆၉ |
| ၂၄။ | အနိုင်းဆင်းမှုလား . . . မိခင်လောင်းလား | ၁၇၆ |
| ၂၅။ | မိခင်လောင်းရဲ့ စိတ္တဗေဒ | ၁၈၃ |
| ၂၆။ | မယ့်ရင်ဆင်သင့် ပြန်နှင့်ပြီ | ၁၉၀ |
| ၂၇။ | မိခင်ပျိုရဲ့ စိတ္တဗေဒ | ၁၉၇ |
| ၂၈။ | ထမင်းဆီဆမ်း ရွှေလင်ပန်းနဲ့ပေးပါ | ၂၀၇ |
| ၂၉။ | မိခင်တစ်ယောက်၏ ဝိရောဓိများ | ၂၁၅ |
| ၃၀။ | အမေရဲ့ စိတ္တဗေဒ | ၂၂၃ |
| ၃၁။ | ကလေးသည် ပန်းပွင့် | ၂၃၀ |
| ၃၂။ | သူ့ကိုယ်သူ မေ့နိုင်တဲ့ အိမ်ရှင်မ | ၂၃၆ |
| ၃၃။ | မိန်းမနှင့် အဝတ်အစား | ၂၄၃ |
| ၃၄။ | မိန်းမနှင့် အလှ | ၂၄၉ |
| ၃၅။ | အလှကြိုက်မတို့၏ ကျဆုံးခန်း | ၂၅၇ |
| ၃၆။ | မိန်းမနဲ့ အတင်းအဖျင်း | ၂၆၅ |
| ၃၇။ | သုံးပွင့်ဆိုင်အချစ် | ၂၇၅ |
| ၃၈။ | ဘာကြောင့် ဖောက်ပြားရသလဲ | ၂၈၂ |
| ၃၉။ | မျောက်မ,ထားခြင်း | ၂၈၈ |
| ၄၀။ | စိတ်ပြောင်းချိန် | ၂၉၄ |
| ၄၁။ | အရောင်လွင့်ပြယ်ခြင်း | ၃၀၁ |
| ၄၂။ | ယောကျ္ခမနဲ့ ချွေးမ | ၃၁၁ |
| ၄၃။ | မိန်းမနဲ့ ဇရာ | ၃၁၉ |
| ၄၄။ | မိန်းမဟူဘိ လိုက္ကတ္တီကား | ၃၂၇ |
| ၄၅။ | မိန်းမနဲ့ ယောက်ျား | ၃၃၅ |
| ၄၆။ | မိန်းမနဲ့ ဖီဆန်မှု | ၃၄၃ |
| ၄၇။ | မိန်းမနဲ့ လွတ်မြောက်ရေး | ၃၅၃ |
| ၄၈။ | ယောက်ျားလျာ | ၃၆၀ |
| ၄၉ | မိုယောက်ျားလျာနဲ့ မယောက်ျားလျာ | ၃၆၆ |